# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၂၂)
# လူထုအုပ်ချုပ်ရေးလွှမ်းမိုးမှု သဘောတရားအခြေခံမှ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချဉ်းကပ်ခြင်း (၃)

နအဖ ကျင်းပမယ်ဆိုတဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ချပြပေးမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ စပ်လျဉ်းပြီး လူထုအနေနဲ့ လက်ခံသင့်မသင့် အဓိကစဉ်းစားဘို့က လမ်းကြောင်းနှစ်ရပ်အနက် ဘယ်လမ်းကြောင်းကို ရွေးချယ်မလဲ ဆိုတာပါဘဲ။ အရပ်သားလူထုနိုင်ငံရေး ခေါင်းဆောင်တွေရဲ့ ကြီးကြပ်ဦးဆောင်တဲ့အောက်မှာ စစ်တပ်ကို ထားရှိဘို့ဖြစ်တဲ့ "လူထုအုပ်ချုပ်ရေး လွှမ်းမိုးမှု" မူ (Civilian Supremacy) ကို လက်ခံကျင့်သုံးမလား။ စစ်တပ်က လူထုရဲ့အထက်မှာနေရေး မူ (Military Supremacy) ကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ ဖေါ်ဆောင်ထားတာကို အတည်ပြုပေးမလား။ ဒီ နှစ်ရပ် ဖြစ်ပါတယ်။

တိုင်းပြည်တည်ငြိမ်မှုရော၊ တိုးတက်ဖွံ့ဖြိုးမှုပါခံစားနေကြပြီဖြစ်တဲ့ ဒီမိုကရေစီနိုင်ငံကြီးတိုင်းမှာ "လူထုအုပ်ချုပ်ရေးလွှမ်းမိုးမှု"မူကို ကျင့်သုံးကြတယ်။ "စစ်တပ်ကလူထုရဲ့အထက်မှာနေရေး" မူကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဖေါ်ဆောင်ကျင့်သုံးနိုင်လို့ တိုင်းပြည်တည်ငြိမ်မှုရော၊ တိုးတက်ဖွံ့ ဖြိုးမှုပါခံစားနေကြရတာ ကမ္ဘာပေါ်မှာ ဘယ်တိုင်းပြည် တခုတလေမှာမှ မရှိပါဘူး။ ဒီလိုဖြစ်အောင် ကြိုးပမ်းခဲ့တဲ့ တိုင်းပြည်အချို့မှာဆိုရင်လည်း ပြဿနာတွေ၊ ပဋိပက္ခတွေ၊ စစ်မီးတောက်မီးလျှံတွေ၊ ဆင်းရဲတော်မွတ်မှုတွေ၊ ငိုကြွေးသံတွေနဲ့သာ ဖြတ်သန်းခဲ့ရတာကြောင့် နောက်ဆုံးမှာ စစ်တပ် အနေနဲ့ လူထုကိုယ်စားလှယ်တွေလက်ကို အာဏာပြန်လည်လွှဲအပ်ပြီး ဘားတိုက်ကို ပြန်သွားခဲ့ရတဲ့ သာဓကတွေ အမြောက်အများရှိခဲ့တယ်။

တကယ်တော့ "စစ်တပ်ကလူထုရဲ့အထက်မှာနေရေး" မူကို ကျင့်သုံးတဲ့အတွက် တပ်မတော်သားတွေကိုကိုယ်တိုင် နစ်နာဆုံးရှုံးကြရတယ်။ "လူထုအုပ်ချုပ်ရေးလွှမ်းမိုးမှု"မူကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီကျင့်သုံးတဲ့အခါတိုင်းပြည်တည်ငြိမ်မှုနဲ့၊ တိုးတက်ဖွံ့ဖြိုးမှုတွေကို တပ်မတော်သားတွေကိုယ်တိုင်ပါ ခံစားကြရတယ် ဆိုတာကို သိမြင်ဘို့လိုပါတယ်။ ရေမြင့်ရင် ကြာတင့်တဲ့သဘောသဆောင်လို့ပါဘဲ။ တကယ်တော့ လူထုအုပ်ချုပ်ရေး လွှမ်းမိုးမှုမူကို ကျင့်သုံးတာဟာ တပ်မတော်ကို ချိုးနှိမ်ထားဘို့၊ အရေးမပါတဲ့ နေရာမှာ ချောင်ထိုးထားဘို့မဟုတ်ဘူး။ ဂုဏ်သိက္ခာရှိစွာ သူ့နေရာနဲ့သူ၊ သူ့တာဝန်သူ ထမ်းဆောင်ခွင့်ရစေဘို့ ဖြစ်တယ်။ စစ်တပ်ဆိုတာ အထက်အမိန့်နာခံမှုအပေါ် အဓိကအခြေပြုပြီး တည်ဆောက်ကြရတယ်။ အဲဒီအခါ တပ်မတော်ကို ခုတုံးလုပ်သုံးပြီး အာဏာရရှိရေး၊ အာဏာတည်မြဲရေး လုပ်ဆောင်လိုတဲ့ စစ်ခေါင်းဆောင်တွေလက်ထဲ၊ တပ်မတော်ကို ရောက်မသွား စေလိုတာကြောင့် "လူထုအုပ်ချုပ်ရေးလွှမ်းမိုးမှု" မူကို တိုင်းပြည်တွေမှာ စီစဉ်တကျ ချမှတ်ဆောင်ရွက်ကြရတယ်။ အဲဒီ မူ တွေကို ရှုဒေါင့်ပေါင်းစုံကနေ အကောင်အထည်ဖေါ်ကြတဲ့အနက် ဒီတပတ်မှာ ပါလီမန်က စတင် တင်ပြပါရစေ။

ရွေးချယ်တင်မြှောက်ခြင်းခံရသူတွေနဲ့ ဖွဲ့စည်းထားတဲ့ ဥပဒေပြုလွှတ်တော် တနည်းအားဖြင့်ပါလီမန်ဟာ အာဏာရှင် အုပ်ချုပ်မှုမပေါ်ပေါက်အောင် ကာကွယ်တဲ့နေရာမှာ အခြေခံအုတ်မြစ်ဖြစ်တယ်။ "လူထုအုပ်ချုပ်ရေးလွှမ်းမိုးမှု" မူကို ကျင့်သုံးတဲ့အခါ ဥပဒေပြုလွှတ်တော်က တပ်မတော်အပေါ် ကြီးကြပ်ကွပ်ကဲတာကို Parliamentary Oversight လို့ခေါ်ကြပါတယ်။ အဲဒါတွေကတော့ ပါလီမန်ကနေပြီး

(က) ကာကွယ်ရေး နဲ့ လုံခြုံရေး ဆိုင်ရာအသုံးစားရိပ်တွေကို ခွဲဝေသတ်မှတ်တယ်။

(ခ) သုံးစွဲပြီးတဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ အသုံးစားရိပ်တွေကိုလည်း ကြီးကြပ်စစ်ဆေးတယ်။

(ဂ) ကာကွယ်ရေးနဲ့ လုံခြုံရေးပိုင်းဆိုင်ရာတွေကို ဖေါ်ဆောင်၊ သုံးသပ်၊ တိုးတက်အောင်လုပ်ရာမှာ တာဝန်ရှိတဲ့ အစိုးရအဖွဲ့ ကို ကြီးကြပ်တယ်။

(ဃ) တရားစီရင်ရေးပိုင်းအနေနဲ့လည်း လုံခြုံရေးကဏ္ဍကို ကြပ်မတ်စောင့်ကြည့်ပြီး မှားယွင်းမှုတွေ ရှိလာရင် ပြစ်မှု၊ တရားမ မှုတွေနဲ့အညီ အရေးယူနိုင်ခွင့်ရအောင် လိုအပ်တဲ့ ဥပဒေတွေပြဋ္ဌာန်းပေးတယ်။

(င) တိုင်းပြည် ကာကွယ်ရေး၊ လုံခြုံရေးတွေနဲ့ဆိုင်တဲ့ ကိစ္စရပ်တွေအပေါ် လူထုရဲ့တိုင်တန်းချက်တွေ ပေါ်လာရင် Parliamentary Ombudsman လို့ခေါ်တဲ့ ပါလီမန်က ခန့်အပ်ပေးတဲ့ စုံစမ်းစစ်ဆေးတဲ့ အရာရှိ (သို့) ကော်မရှင်တရပ်ရပ် ဖွဲ့စည်းစေပြီး စုံစမ်းစစ်ဆေးခိုင်းတယ်။

(စ) လူထုက ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ ဝန်ကြီးချုပ်၊ သို့မဟုတ် သမတ က ဦးဆောင်ဖွဲ့စည်းထားတဲ့ အစိုးရအဖွဲ့ကနေ ကာကွယ်ရေးဦးစီးချုပ်နဲ့ တပ်မတော် ခေါင်းဆောင်တွေကို၊ ခန့်အပ်တာဝန်ပေးတာ၊ ရာထူးတာဝန်ကနေ ဖယ်ရှားတာတွေကို အတည်ပြုပေးတယ်။

(ဆ) တိုင်းပြည် ကာကွယ်ရေး၊ လုံခြုံရေးတွေနဲ့ ဆိုင်တဲ့ ကိစ္စရပ်တွေနဲ့ စပ်လျဉ်းလို့ မူဝါဒ ချမှတ်ဆောင်ရွက်တဲ့ အခါမှာ အားကောင်းချက်၊ အားနည်းချက်တွေကို လေ့လာစောင့်ကြည့်၊ ဝေဘန်သုံးသပ်ပြီး လွှတ်တော်နဲ့ လူထုကို တင်ပြနိုင်ရေးအတွက် လွတ်လပ်တဲ့ လူထုအသင်းအဖွဲ့ ၊ ပညာရှင်အသင်းအဖွဲ့ တွေ ပေါ်ပေါက် လာစေဘို့ လိုအပ်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းပေးတယ်။

အထက်ပါတင်ပြချက်တွေဟာ "လူထုအုပ်ချုပ်ရေးလွှမ်းမိုးမှု" မူကို ဥပဒေပြုလွှတ်တော်ကနေ လက်တွေ့ကျင့်သုံးတာဘဲ ဖြစ်ပါတယ်။

လူထုကရွေးချယ်တင်မြှောက်ခြင်းခံထားရတဲ့ ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ ဥပဒေပြုလွှတ်တော်တရပ်ဖြစ်တဲ့ အောက်လွှတ်တော် ဒါမှမဟုတ် ပါလီမန်တွေက အစိုးရအဖွဲ့နဲ့ တပ်မတော်အပေါ် အဲဒီလိုမျိုး ကြီးကြပ်ကွပ်ကဲတာတွေကို တိုးတက်ဖွံ့ဖြိုးနေပြီဖြစ်တဲ့ ဒီမိုကရေစီနိုင်ငံကြီးတိုင်းမှာ ကျင့်သုံးကြတယ်။

ဒီလိုမျိုး အခြေခံနဲ့ရှုဒေါင့်တွေကနေပြီး နအဖ က ချမှတ်ထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မူတွေကို ဆန္ဒစွဲကင်းကင်းနဲ့ လေ့လာကြည့်ပါတယ်။ ကာကွယ်ရေးနဲ့ လုံခြုံရေးပိုင်းဆိုင်ရာတွေနဲ့ စပ်လျဉ်းပြီး အစိုးရအဖွဲ့နဲ့ တပ်မတော်ရဲ့ လုပ်ဆောင်ချက်တွေအပေါ် ဥပဒေပြုလွှတ်တော်၊ တရားစီရင်ရေး၊ လူထုအသင်းအဖွဲ့ တွေနဲ့ လူထုတွေ ကိုယ်တိုင်က ကြီးကြပ်စစ်ဆေးခွင့်ရစေမယ့် အနေအထားမျိုးကို တကြောင်းတလေမျှ မတွေ့ရပါဘူး။ ပြည်ထောင်စု လွှတ်တော်နဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးလွှတ်တော်များ အာဏာခွဲဝေခြင်း အခန်းဆိုတဲ့နေရာမှာ ပြည်ထောင်စုလွှတ်တော်ကို တိုင်းပြည်ကာကွယ်ရေး၊ လုံခြုံရေးတို့နှင့် စပ်လျဉ်းပြီး အောက်ပါကဏ္ဍကြီး ခုနစ်ရပ်မှာ ဥပဒေပြုခွင့်အာဏာအပ်နှင်းဘို့ မူချမှတ်ထားတယ် ဆိုတာကို သာတွေ့ရပါတယ်။

(၁) ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ယင်း၏ အစိတ်အပိုင်းများအတွက် ကာကွယ်ရေးဆိုင်ရာများ ပြင်ဆင်ခြင်း၊ ချမှတ်ဆောင်ရွက်ခြင်း။
(၂) ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စက်မှုလုပ်ငန်းများ။
(၃) ဇီဝနှင့် ဓါတု လက်နက်များ အပါအဝင် လက်နက်နဲ့ ခဲယမ်းမီးကျောက်များ၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများ။
(၄) နျူကလီယာ စွမ်းအင်၊ လောင်စါနှင့် အနုမြူရောင်ခြည် ထုတ်လုပ်ခြင်းဆိုင်ရာများ။
(၅) စစ်ကြေငြာခြင်းနှင့် စစ်ရပ်စဲခြင်း ဆိုင်ရာများ။
(၆) ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် ဥပဒေစိုးမိုးရေး ဆိုင်ရာများ။
(၇) ရဲတပ်ဖွဲ့ ဆိုင်ရာများ။

သာမန်အားဖြင့် ကြည့်မယ်ဆိုရင် အဲဒီကိစ္စရပ်တွေနဲ့ ပတ်သက်လို့ ပြည်ထောင်စု လွှတ်တော်ကနေ ဥပဒေပြဋ္ဌာန်းသွားမယ်ဆိုတဲ့ မူမျိုးကို ကန့်ကွက်စရာအကြောင်း မရှိပါဘူး။ တချိန်ထဲမှာ ဒါတွေဟာ ထူးဆန်းတဲ့ ကိစ္စတွေလည်းမဟုတ်၊ လုပ်ရိုးလုပ်စဉ်တွေဘဲ ဖြစ်တယ်။ ဖွဲ့ စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းမထားဘဲနဲ့ တောင်မှ အခုအချိန်မှာ နအဖ ဟာ အဲဒီ ကိစ္စတွေနဲ့ ပတ်သက်ပြီး သူကြိုက်သလို ဥပဒေတွေပြဋ္ဌာန်းပြီး လုပ်ဆောင်နေတာပါဘဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ အခုလက်ရှိ နအဖ လုပ်ခြင်သလိုလုပ်နေတဲ့ ကိစ္စတွေကို ဖွဲ့ စည်းပုံအခြေခံနဲ့ အညီတရားဝင် လုပ်ဆောင်ခွင့် ရှိသွားအောင်ထည့်သွင်းပြဋ္ဌာန်းပေးရတဲ့ သဘောလောက်ဘဲ ရှိပါတယ်။

နအဖရဲ့ ဖွဲ့ စည်းပုံမူတရပ်ဖြစ်တဲ့ "ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ယင်း၏ အစိတ်အပိုင်းများအတွက် ကာကွယ်ရေးဆိုင်ရာများ ပြင်ဆင်ခြင်း၊ ချမှတ်ဆောင်ရွက်ခြင်း။" ဆိုတဲ့အောက်မှာ အကြမ်းဘက်သမားများ နှိပ်ကွပ်ရေး ဆိုင်ရာဥပဒေ ဆိုတာလို မျိုးတွေ အပါအဝင် အစိုးရ၊ တပ်မတော်နဲ့ အခြားလုံခြုံရေးတပ်ဖွဲ့တွေ လုပ်ခြင်ရာလုပ်ခွင့်ရစေမယ့် ဥပဒေမျိုးတွေအဆက်မပြတ် ပေါ်ပေါက်လာတော့မှာ ဖြစ်ပါတယ်။ တိုင်းပြည်အတွက် သေရေးရှင်ရေးတမျှ အင်မတန်အရေးကြီးလှတဲ့ နျူကလီယာနဲ့ ပတ်သက်ပြီး လူထုနဲ့ တိုင်ပင်ခြင်း၊ သဘောထားဆန္ဒရယူခြင်း၊ ဘာတခုမျှမရှိဘဲ နအဖ ဟာ လက်ရှိအချိန်မှာ လုပ်ခြင်ရာလုပ်နေတာ အားလုံးအသိပါ။ အဲသလိုဟာမျိုးကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းပြီး တရားဝင်လုပ်ခွင့်ပေး လိုက်ရတော့မှာဘဲ ဖြစ်ပါတယ်။ ဘာကြောင့် ဒီလိုပြောရတာပါလဲ။

ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ ရှာဖွေဘို့ လိုအပ်တဲ့ တန်ဘိုး (Constitutional Value) ကို နားလည်မှသာ ဒါကို ရှင်းသွားမှာ ဖြစ်ပါတယ်။ တိုင်းပြည်ကာကွယ်ရေး လုံခြုံရေးပိုင်းဆိုင်ရာတွေနဲ့ ဆက်စပ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ ရှာဖွေဘို့ လိုအပ်တဲ့ တန်ဘိုးကတော့ "လူထုအုပ်ချုပ်ရေးလွှမ်းမိုးမှု" မှုကို ကြောရိုးပြုကျင့်သုံးနိုင်ဘို့ အပြန်အလှန်ကြပ်မတ်စစ်ဆေးတဲ့ စနစ်ဖြစ်ပါတယ်။ နအဖရဲ့ ဖွဲ့စည်းပုံမူတွေထဲမှာ ဒီစနစ်ကြီးတရပ်လုံးလုံးဝ ပျောက်ဆုံးနေလို့ပါဘဲ။

အဲဒါနဲ့ ပြောင်းပြန်ပါဘဲ။ စစ်ဘက်ဆိုင်ရာကလွှမ်းမိုးရေးမူ တနည်းအားဖြင့် စစ်တပ်က လူထုရဲ့အထက်မှာနေရေး မူ (Military Supremacy) ကို ကြောရိုးပြုပြီး ဘယ်သူ၊ ဘယ်အဖွဲ့အစည်းရဲ့ကြပ်မတ်မှု အောက်မှာမှ မရှိဘဲစစ်ဘက်ဆိုင်ရာက လုပ်ခြင်ရာလုပ်ခွင့်ရစေမယ့် မူမျိုးကိုသာ နအဖ က ချမှတ်ထားပါတယ်။ အောက်ပါတို့ကိုလေ့လာကြည့်ပါ။

"ပြည်ထောင်စု မြန်မာနိုင်ငံအားပြည်တွင်းပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသောလက်နက်ကိုင်တပ်ဖွဲ့သည် တပ်မတော်ဖြစ်သည်။"

နအဖရဲ့ ဖွဲ့စည်းပုံမူတွေအရ ဖေါ်ဆောင်သွားမယ်ဆိုရင် ပြည်ထောင်စု အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးမယ့် ပြည်ထောင်စုသမတကို သမတ ရွေးချယ်ရေးအစုအဖွဲ့သုံးဖွဲ့က သမတလောင်း တဦးစီအနက်ကနေ ရွေးချယ် သွားမယ်လို့ဆိုပါတယ်။

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့

(ခ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့

(ဂ) ကာကွယ်ရေးဦးစီးချုပ်က ရွေးချယ်စေလွှတ်တဲ့ စစ်ဗိုလ်များနဲ့ဖွဲ့စည်းထားတဲ့ တပ်မတော်သားကိုယ်စားလှယ်များ အစုအဖွဲ့ တို့ ဖြစ်ပါတယ်။

ဒါကြောင့် သမတကို တာဝန်ခံရွေးချယ်မှုမှာ ဒီမိုကရေစီစနစ်ရဲ့ ကြောရိုးဖြစ်တဲ့ အနိုင်ရပါတီရဲ့ အခန်းကဏ္ဍ ပျောက်ဆုံးသွားပါတော့တယ်။ သမတ ဟာ ရွေးကောက်ပွဲမှာ အနိုင်ရသွားတဲ့ပါတီကို ကိုယ်စားပြုတယ်လို့ မပြောနိုင်တော့ပါဘူး။ ဒီအခါမှာ အတိုက်အခံပါတီ ဆိုတာလည်း မရှိတော့တဲ့ သဘောဖြစ်သွားပါတယ်။ ဒီတော့ ဥပဒေပြုလွှတ်တော်ကနေ "လူထုအုပ်ချုပ်ရေး လွှမ်းမိုးမှု" မှုကို ဖေါ်ဆောင်နိုင်ဘို့ ဘယ်လိုလုပ်ပြီး ကြပ်မတ်စစ်ဆေးခွင့် ရနိုင်တော့မှာပါလဲ။

နအဖရဲ့ ဖွဲ့စည်းပုံမူများအတိုင်းသာ ချမှတ်ဖေါ်ဆောင်သွားမယ်ဆိုရင် စစ်အာဏာရှင်စနစ်သည်သာ လျှင်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တရားဝင် တည်တန့်၊ ခိုင်မြဲ၊ ကြီးထွားလာမှာ ဖြစ်တဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။